ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၄)

mgyoe.com

# ရေသူမလေး သန္တာ

သင်းမြမြကို


မြန် မာ ပြန် ဆို သည်



**The Dancing Mermaid**


By Russell Punter

Illustrated by Desideria Guicciardini



ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ(၄)

# ရေသူမလေး သန္တာ



သင်းမြမြကို

မြန် မာ ပြန် ဆို သည်

TMMK0004

700.00 KS

mgyoe.com

ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၄) - ရေသူမလေး သန္တာ၊ သင်းမြမြကို
တချက်မှာ ၁၇ မျက်နှာ၊ ၁၄.၅ စင်တီ× ၂၀.၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၇ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

ကျောင်းပိတ်ရက်ရှည်
ပုံပြင်ဇာတ်လမ်းများ(၄)

# ရေသူမလေးသန္တာ

သင်းမြမြကို
မြန်မာပြန်ဆိုသည်

ပထမအကြိမ် ၂၀၁၃

mgyoe.com

mgyoe.com


mgyoe.com



mgyoe.com

ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၄)

# ရေသူမလေး သန္တာ



သင်းမြမြကို

မြန် မာ ပြန် ဆို သည်



**The Dancing Mermaid**

By Russell Punter


Illustrated by Desideria Guicciardini

mgyoe.com




mgyoe.com

mgyoe.com




သန္တာလို့ခေါ်တဲ့ ရေသူမလေးက ပင်လယ်ရေအောက်မှာ
ရှင်သန်နေထိုင်ရတာကို အရမ်းနှစ်သက်နေသတဲ့။
သူမက လင်းပိုင်တွေ၊ ပင်လယ်ဖျံကြီးတွေနဲ့
ရေကူးပြိုင်ရတာကိုလည်း အရမ်းနှစ်သက်တယ်။



mgyoe.com

mgyoe.com

နောက်ပြီး
ငါးသတ္တဝါတွေနဲ့အတူရောပြီး
ရေထဲမှာ လျှောက်သွားရတာကိုလည်း
သဘောကျသူဖြစ်ပါသတဲ့။






သူမက တစ်ခါတစ်ရံ
အိပ်နေတဲ့ ငါးမန်းကြီးတွေကို
သွားစတတ်တယ်။

နွေရာသီကာလတစ်လျှောက်လုံးမှာ
ရေလှိုင်းစီးရတာကိုလည်း
သူမက အရမ်းကျေနပ်နေသတဲ့။



mgyoe.com

mgyoe.com

ဒါပေမဲ့ သူမမှာ ပြဿနာတစ်ခုတော့ ရှိနေတယ်။ သန္တာရဲ့စိတ်ထဲမှာ
ဆန္ဒတစ်ခု လျှို့ဝှက်စွာရှိနေတယ်လေ။ အဲဒါကတော့ အခြားမဟုတ်ပါဘူး။
သူမက ကခုန်ချင်တဲ့စိတ် ပြင်းပြနေတာပါ။




ညနေတိုင်း သူမက ကမ်းခြေမှာ ရေဆော့၊
လှိုင်းစီးနေတဲ့လူတွေကိုကြည့်ပြီး ပါဝင်ကစားချင်တဲ့စိတ်
ရှိနေသတဲ့။ သူမက ရေလှိုင်းတွေနဲ့အတူ ကခုန်ချင်နေတာပါ။



mgyoe.com

mgyoe.com



သန္တာက သူမရဲ့အမြီးကိုကြည့်ပြီး
စိတ်ဓာတ်ကျနေတယ်။
"ငါ့မှာက အမြီးပဲရှိပြီး ခြေထောက်မှမရှိတာ၊
ခြေထောက်တွေမရှိဘဲ ငါ ဘယ်လို
ကခုန်လို့ ရပ့်ါမလဲ၊ ငါ့အမြီးကို
ခြေထောက်ဖြစ်အောင် ပြောင်းလိုက်နိုင်ရင်
သိပ်ကောင်းမှာပဲ"

ရေသူမလေး သန္တာက အဲဒီလိုတွေးရင်း နက်ပ်ကျူးန်နန်းတော်နားကနေ
ဖြတ်သွားလျက်သား ဖြစ်သွားသတဲ့။ ထိုအချိန်မှာ
ရုတ်တရက် သန္တာ့ခေါင်းထဲ အတွေးတစ်ခု ဝင်လာတယ်။
"ဘုရင်ကြီးကများ ငါ့ကို ကူညီနိုင်မလား မသိဘူး"
သန္တာက ကိုယ့်အတွေးနဲ့ကိုယ် နန်းတော်ထဲကို ဝင်သွားလိုက်တယ်။

mgyoe.com

mgyoe.com

ဘုရင်ကြီးက သူမကိုတွေ့တာနဲ့ တန်းမေးတယ်။
''ငါ ဘာကူညီရမလဲ ကလေးမ''
''မှန်ပါ အရှင်မင်းကြီး၊ ကျွန်မခြေထောက်နှစ်ဘက်
အလိုရှိလို့ပါ၊ ကျေးဇူးပြုပြီး ကျွန်မအမြီးကို
ခြေထောက်နှစ်ချောင်းဖြစ်အောင် ပြောင်းပေးပါနော်''



''ခြေထောက် ... ဟုတ်လား၊
ရေသူမတွေက ခြေထောက်မှမလိုတာ''
ဘုရင်ကြီးက အရမ်းကိုအံ့သြသွားတာပေါ့။

mgyoe.com

mgyoe.com

သန္တာက နက်ပ်ကျူးန်ဘုရင်ကြီးကို သူမရဲ့လျှို့ဝှက်ဆန္ဒအကြောင်း ထုတ်ပြောလိုက်တယ်။ အစပထမမှာ ဘုရင်ကြီးက သံသယဝင်နေပေမဲ့ သန္တာက ထပ်တလဲလဲ တောင်းပန်နေလိုက်တယ်။



ဒါကြောင့် ဘုရင်ကြီးက
''ကောင်းပြီလေ ... ငါစဉ်းစားပေးပါ့မယ်'' လို့
ပြန်ပြောလိုက်တယ်။ နောက်တော့ ဘုရင်ကြီးက
အလေးအနက်စဉ်းစားလိုက်ပြီး အခုလိုပြန်ပြောသတဲ့။

mgyoe.com

mgyoe.com

''မင်းကိုကြည့်ရတာ တော်တော်လေးကို ပြတ်ပြတ်သားသား
ဆုံးဖြတ်ထားတဲ့ပုံပဲ၊ ဒီတော့ ရက်သတ္တတစ်ပတ်အတွင်းပဲ မင်းဆန္ဒတွေ
ပြည့်ဝစေရမယ်၊ ဆုံးဖြတ်ချက်ကို ပြင်ချင်တယ်ဆိုလည်း ပြင်လို့ရသေးတယ်နော်''
နက်ပ်ကျူးန်ဘုရင်ကြီးက ပြောပြောဆိုဆိုနဲ့ သူ့ရဲ့ ချွန်ထက်နေတဲ့
မှော်ဝင်သုံးမြှောင့်ခက်ရင်းခွကိုယူပြီး သန္တာရဲ့အမြီးကို ထိုးချပစ်လိုက်တယ်။




ထိုအခါ အမြီးနေရာမှာ
အရောင်တွေ ထွက်လာသတဲ့။
ခဏအကြာမှာ သူမရဲ့အမြီးက
ပျောက်ကွယ်သွားပြီး သူမက
ပင်လယ်ကမ်းခြေမှာ
ခြေထောက်နဲ့ မတ်တတ်ရပ်နေတာကို
သတိထားမိသွားတာပေါ့။



mgyoe.com

mgyoe.com

သန္တာက ကမ်းခြေတစ်လျှောက် ပြေးလွှားတယ်၊
လမ်းလျှောက်တယ်။ ပြီးတော့ ကကြည့်တယ်။ ခြေထောက်က သူမနဲ့
အသားမကျသေးတာကြောင့် အစပိုင်းမှာ အခက်အခဲရှိနေသတဲ့။



လေ့ကျင့်မှုတွေ များများလုပ်ပြီးတဲ့နောက်မှာတော့ လမ်းလျှောက်ရတာ
အဆင်ပြေလာသတဲ့။ သူမကိုကြည့်ပြီး ကမ်းခြေကလူတွေက
တီးတိုးစကားတွေနဲ့ ဝေဖန်လိုက်ကြတယ်။

mgyoe.com

mgyoe.com

''ဟိုက ရွှေရောင်ဆံပင်လေးနဲ့ ကလေးမလေးက ဘယ်သူများပါလိမ့်''
မကြာခင်မှာပဲ သူမက အသားကျသွားတဲ့ ခြေထောက်သစ်လေးနဲ့
လျှောက်နေတုန်း 'ဒန်'လို့အမည်ရတဲ့ တံငါသည်ကောင်လေးတစ်ယောက်နဲ့
တွေ့ဆုံရင်းနှီးပြီး အတူတွဲကဖြစ်ခဲ့သတဲ့။

သူတို့နှစ်ယောက်က
တစ်နေ့လုံး၊ တစ်ညလုံး
အတူတွဲကဖြစ်ကြတယ်။



သန္တာက 'ဟော့ပ်'လို့အမည်ရှိတဲ့ သင်္ဘောသားလေးတစ်ယောက်နဲ့လည်း
ပျော်ရွှင်စွာ ကခုန်ခဲ့တယ်။ သူမက တစ်ခါမှ အခုလောက်ထိ မပျော်ရွှင်ခဲ့ဖူးပါဘူး။
ဒါပေမဲ့ ကုန်းမြေပေါ်မှာ နေထိုင်ခွင့်ရတဲ့ဘဝမှာ အမြဲတမ်းနဲ့ နေရာတကာ
ပျော်ရွှင်မှုတွေမရနိုင်ဘူးဆိုတာကို သန္တာက သဘောပေါက်သွားခဲ့ပါသတဲ့။

mgyoe.com

mgyoe.com



အခုတော့ သန္တာက
ရေကူးရတာထက် လမ်းလျှောက်၊
ခုန်ပေါက်၊ ပြေးလွှားရတာတွေကြောင့်
ပိုပြီးပင်ပန်းနေပါပြီ။





နောက်ပြီး သူမ အမြီးရှိခဲ့စဉ်က
အခုခြေထောက်နာကျင်သလိုမျိုး တစ်ခါမှ
မနာကျင်စေခဲ့ပါဘူး။



'ဒန်'နဲ့အတူတွဲကရင်းကနေ
အခုလို နာကျင်ခဲ့ရတာပေါ့။



mgyoe.com